**ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
**www.knuhq.com**

## "စစ်ကိုင်းဖိုရမ်" သို့ ပေးပို့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ သဝဏ်လွှာ

**၂၀၂၃ ခုနှစ် မေလ(၃၀)ရက်နေ့**

၂၀၂၃ ခုနှစ်၊ မေလ(၃၀)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် "စစ်ကိုင်းဖိုရမ်" သည် စစ်အာဏာရှင်စနစ် အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို ချုပ်ငြိမ်းရေးနှင့် "ဗမာ"အပါအဝင် တိုင်းရင်းသားများ အားလုံး အတူတကွငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုသစ် တည်ဆောက်ရေး နိုင်ငံရေးရည်မှန်းချက်ဖြင့် ရရာလက်နက်စွဲကိုင်ကာ ခုခံတော်လှန် တိုက်ပွဲဝင်နေကြသော စစ်ကိုင်းဒေသမှ တော်လှန်ရေးအင်အားစုများအားလုံး ဘေးရန်ကင်းရှင်းပြီး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

နွေဦးတော်လှန်ရေး ၏ ပထမဆုံးသော လက်နက်ကိုင်တော်လှန်ရေးစတင်ရာဖြစ်သည့် စစ်ကိုင်းတိုင်းဒေသ ကို ဦးဆောင်သော ခေါင်းဆောင်များ၏ နိုင်ငံရေးရည်မှန်းချက်ခိုင်မာမှု၊ အမျှော်အမြင်ရှိမှုနှင့်အတူ မိမိကြမ္မာ မိမိဖန်တည်းခွင့်ကို ကျင့်သုံးပြီး မတူကွဲပြားမှုများကို အင်အားအဖြစ် စုစည်းကာ ဤဖိုရမ် အပါအဝင် ညှိနှိုင်း ဆွေးနွေးမှုအဆင့်ဆင့်ဖြင့် ဖက်ဒရယ်ယူနစ်တခုအဖြစ် ဖွဲ့စည်းနိုင်ရေးအတွက်ကိုလည်း တိုက်တွန်းပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုသစ်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် စစ်ကိုင်းတိုင်း အနေဖြင့် ဖက်ဒရယ်ယူနစ်တခုအဖြစ် ဖွဲ့စည်း ပါဝင်နိုင်ရန်ကိုလည်း KNU က မျှော်လင့်ပါကြောင်း မိမိတို့၏ သဘောထားကို ဖော်ပြအပ်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စုသစ်တည်ဆောက်ရေး လုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများစွာကြုံရမည်ဖြစ်သော်လည်း ကျော်လွှားနိုင်မည့် လုပ်ငန်းစဉ်များသာလျှင်ဖြစ်ပြီး မတူကွဲပြားမှုများအား တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းကို အခြေခံသည့် အဆင့်ဆင့်သောအစည်းအဝေးများ၊ ဖိုရမ်များဖြင့်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တဖက်တွင်လည်း ပြည်သူများ၏ လိုအပ်ချက်များ၊ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးများကို ကာကွယ်နိုင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။

ဤ "စစ်ကိုင်းဖိုရမ်" မှတဆင့် တော်လှန်ရေးခရီးတလျှောက်တွင် နိုင်ငံရေးအရ ပိုမိုရှိစုစည်းမှု၊ ကျစ်လစ်မှု၊ နားလည်မှု၊ပူးပေါင်းဆောင်ရွက်မှုများအားကောင်းလာခြင်းနှင့်အတူ နာခံမှုရှိပြီးစစ်စည်းကမ်းလိုက်နာသော တိုက်ပွဲဝင်

တော်လှန်ရေးသမားများကို လေ့ကျင့်မွေးထုတ်နိုင်ပြီး အာဏာရှင်စနစ်ချုပ်ငြိမ်းရေး မှတဆင့် ခေတ်ပြောင်း၊ စနစ်ပြောင်းအတွက် ပြုလုပ်သည့် တော်လှန်ရေးကြီးတွင် အောင်ပွဲအလီလီရရှိနိုင်ပါကြောင်း ဆန္ဒပြုပါသည်။

“စစ်ကိုင်းဖိုရမ်” မှတဆင့် ဆက်လက်အကောင်အထည်ဖော်မည့် ရှေ့လုပ်ငန်းစဉ်များသည် မိမိတို့အားလုံးအတွက် စံနမူနာဖြစ်စေပြီး မိမိတို့မျှော်လင့်သည့် တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသော နောက်ထပ် အလားတူ မိမိကြမ္မာမိမိဖန်တည်းသည့် လှုပ်ရှားမှုများဖြင့် အားလုံးပါဝင်ထူထောင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ် ဖော်ဆောင်ရေးကို အားကောင်းလာစေမည် ဖြစ်ပါသည်။

ထို့ကြောင့် စစ်ကိုင်းဖိုရမ်မှတဆင့် ခိုင်မာသော တော်လှန်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး ဆိုင်ရာအခြေခံမှုများ ဖော်ထုတ်လာနိုင်ခြင်းနှင့်အတူ ပိုမို စည်းလုံး၊ ညီညွတ်ပြီး စည်းကမ်း သေဝတ်သော တော်လှန်သူများမွေးထုတ်လာနိုင်သည့် အခြေခံမှုများ ရရှိလာနိုင်ရန် ဆန္ဒပြုရင်း အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသစ်တည်ဆောက်ရေးတွင် အတူတကွ လက်တွဲဆောင်ရွက်သွားရန် အဆင်သင့် ရှိပါကြောင်း ဆန္ဒပြု ခြင်းဖြင့် ဤ သဝဏ်လွှာအား ပေးပို့အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**